လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဆုံးပါးခြင်း (၄၁) နှစ်မြောက် အောက်မေ့ဖွယ် အခမ်းအနားသို့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီမှ ပေးပို့သော သဝဏ်လွှာ

‘...ကိုယ်တော်မှိုင်း ရာဇဝင်တွေလည်း ရိုင်းခဲ့ရပြီ အဖိုးရေ...’
‘...သခင်အောင်ဆန်း နိုင်ငံတော်လည်း သွေးစွန်းခဲ့ပြီ အဖရေ...’

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးအတွင်း လူထုကြီးက ဤသို့ တိုင်တည်ခဲ့ကြဖူးသည်။ ထိုသို့တိုင်တည်ခဲ့ကြပြီး (၁၇)နှစ်ခန့် ကြာလာသည့် ယခုအခါတွင်လည်း (နအဖ) စစ်အစိုးရသည် (Roadmap)အတိုင်းသာ လျှောက်လှမ်းသွားမည်ဟု ကြွေးကြော်နေပြီး တိုင်းပြည်ကို သွေးအိုင်ထဲ တွန်းပို့နေပြန်သည်။

‘ဒို့တာဝန် အရေး(၃)ပါး’ ‘နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်’ ‘ပြည်သူ့သဘောထား (၄)ရပ်’ ‘နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်’(Roadmap) စသည်တို့သည် (နအဖ)စစ်အစိုးရ ပြောနေသလို အမျိုးသားရေး လမ်းစဉ်များ မဟုတ်ပါ။ စစ်အာဏာရှင်စနစ်သားစဉ်မြေးဆက်အာဏာတည်မြဲစေရေးအတွက် ဖုံးကွယ်လှည့်စားရန်ကြိုးပမ်းချက်များသာ ဖြစ်သည်။

လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်မြဲလိုလျှင်၊ ပြည်ထောင်စုမပြိုကွဲလိုလျှင် အခြေခံလိုအပ်ချက်များဖြစ်သော အမျိုးသားသွေးစည်း ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ပထမဦးစွာ တည်ဆောက်ကြရပေလိမ့်မည်။

စစ်အစိုးရ အဆက်ဆက်သည် အမျိုးသားသွေးစည်းညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်ရမည့်အစား စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက် လူထုဆန့်ကျင်ရေးလုပ်ငန်းများကိုသာ သဏ္ဍာန်အမျိုးမျိုးနှင့် လုပ်ကိုင်ခဲ့ကြပြီး ပြည်တွင်းစစ်ကိုလည်း အမျိုးသားဝင်ငွေ စုစုပေါင်း၏ ၆၀% ကိုသုံး၍ တိုက်ခိုက်ခဲ့ပါသည်။ ဆရာကြီး၏ ‘သူမနာကိုယ်မနာ ငြိမ်းချမ်းရေးလမ်းစဉ်’ကို ထာဝရဆန့်ကျင်ကာ အပြုတ်တိုက်ရေး၊ လက်နက်ဖြုတ်ရေး၊ အတင်းအကျပ် လက်နက်ချခိုင်းရေးတို့ကိုသာ ဇောက်ချပြီး လုပ်ကိုင်နေခဲ့ပါသည်။

ယခုဆိုလျှင် ... တိုင်းပြည်၏အခြေအနေ အရပ်ရပ်မှာ အဆိုးဆုံးအဆင့်သို့ပင် ရောက်ရှိလာနေပါသည်။

‘တွေ့ဆုံဆွေးနွေးရေး မလုပ်လျှင် အလုံးစုံပျက်သုဉ်းရေး ဖြစ်သွားနိုင်သည်’ဟု လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ထောက်ပြခဲ့သလို အလုံးစုံပျက်သုဉ်းရေးလမ်းပေါ် တက်မသွားသေးခင် လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး၏ အကျိုးကိုရှေ့ရှုပြီး ...

ဆရာကြီး၏ **‘သူမနာ ကိုယ်မနာ ငြိမ်းချမ်းရေးလမ်းစဉ်’**အရ (နအဖ)အစိုးရအနေဖြင့် အမြန်တကာ့ အမြန်ဆုံး တွေ့ဆုံဆွေးနွေး အဖြေရှာသင့်နေပြီဖြစ်ကြောင်း ဆရာကြီး အောက်မေ့ဖွယ်ရာနေ့မှာ မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ဆန္ဒကို အလေးအနက် တင်ပြလိုက်ပါသည်။

**ဆရာကြီး၏ ငြိမ်းချမ်းရေးအာသီသ အမြန်ဆုံး ပြည့်ဝနိုင်ပါစေ။**

ဗဟိုကော်မတီ
လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ
၂၀၀၅ ခုနှစ် ဇူလိုင်လ (၂၃)ရက်။


ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ –01- 6758731 (ကိုခင်မောင်တင့်)
01- 4759223 (ကိုငွေလင်း)
ဆက်သွယ်ရမည့် ဖက်စ်/ဖုန်း – Fax - 055-534758
ဖုန်း – 055-532462 (Office)
ဖုန်း – 055-542076 (office)
ဆက်သွယ်ရမည့်လိပ်စာ – P.O Box (50)
Mae Sot
Tak (63110)
Thailand